ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၈/၂၀၁၈)

| | |
|---|---|
| ဦးချစ်နိုင် (အလုပ်ရှင်)<br>Denko Trading Co,.Ltd<br>ဦးလှမျိုးအောင် (ဆိုင်တာဝန်ခံ)(အလုပ်ရှင်၏<br>အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊<br>စက်သုံးဆီအရောင်းဆိုင်၊အောက်မင်္ဂလာဒုံလမ်း၊<br>စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးရဲကျော်မိုးပါ (၂)ဦး<br>အမှတ် (၁၅/ခ)၊ (၆/၁၁)ရပ်ကွက်၊<br>တောင်ကြီးပန်းခြံ၊ ဧရာဝတီလမ်း၊<br>ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းရှိ ဦးချစ်နိုင် (အလုပ်ရှင်)၊ ဦးလှမျိုးအောင်(ဆိုင်တာဝန်ခံ) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Denko Trading Co,.Ltd (စက်သုံးဆီအရောင်းဆိုင်)နှင့် အလုပ်သမား ဦးရဲကျော်မိုးပါ (၂)ဦးတို့ အကြားဖြစ်ပွားသော အငြင်းပွားမှုကို အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို

အငြင်းပွားမှုအမှတ် (၃၅/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ ဦးချစ်ခိုင် (အလုပ်ရှင်) ထံတွင် တောင်းဆိုသူ အလုပ်သမား ဦးရဲကျော်မိုးပါ (၂)ဦးတို့က အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည် လုပ်ကိုင်ခွင့်ပြုရန်နှင့် အလုပ်ပြန်လည်မခန့်ထားလိုပါက အလုပ်ရပ်စဲမှုနစ်နာကြေးရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ အောက်ပါကောက်ချက် အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်း ဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးရဲကျော်မိုးနှင့် ဦးထက်ပိုင်တို့သည် အလုပ်ရပ်စဲမှုနစ်နာကြေးရသင့်/ မရသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးရဲကျော်မိုးနှင့် ဦးထက်ပိုင်တို့အား နို့တစ်ကြေးနှင့် လုပ်သက်အလိုက် အလုပ်ရပ်စဲမှု နစ်နာကြေးများအား အောက်ပါအတိုင်း ထုတ်ပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | နို့တစ်ကြေး | နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးရဲကျော်မိုး | ၁၇၅,၀၀၀ိ/- | ၂၆၂,၅၀၀ိ/- | ၄၃၇,၅၀၀ိ/- |
| ၂။ | ဦးထက်ပိုင် | ၁၇၅,၀၀၀ိ/- | ၁၇၅,၀၀၀ိ/- | ၃၅၀,၀၀၀ိ/- |
| စုစုပေါင်း | | **၃၅၀,၀၀၀ိ/-** | **၄၃၇,၅၀၀ိ/-** | **၇၈၇,၅၀၀ိ/-** |

၄။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၃၅/၂၀၁၈) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၈) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၂၈/၂၀၁၈)အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးညွန့်စိန်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ် လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးရဲကျော်မိုးနှင့် ဦးထက်ပိုင်တို့သည် အလုပ်ရပ်စဲမှုနစ်နာကြေးရသင့်/ မရသင့်။

**စစ်ဆေးတွေ့ရှိချက်**

၆။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များမှာ Denko စက်သုံးဆီ အရောင်းဆိုင်တွင် ဦးရဲကျော်မိုးသည် ၁၁-၈-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ဦးထက်ပိုင်သည် ၅-၁-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ပန့်ကိုင်ရာထူးဖြင့် အလုပ်စတင် ဝင်ရောက်ခဲ့ပြီး၊ လစာ ၁၇၅၀၀၀ိ/- ရရှိခဲ့ကြောင်း၊ ခွင့်မဲ့ပျက်ကွက်မှုဖြင့် ၉-၁၁-၂၀၁၇ ရက်နေ့တွင် အလုပ်မှ ထုတ်ပယ် ခံရကြောင်း၊ အရောင်းဆိုင်မန်နေဂျာမှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွက် လစာငွေကို ၁-၁၂-၂၀၁၇ ရက်နေ့တွင် ATM Card ဖြင့် ထုတ်မရသဖြင့် ၃-၁၂-၂၀၁၇ ရက်နေ့တွင်မှ ငွေသားဖြင့် ထုတ်ပေး ခဲ့ကြောင်း၊ ခွင့်မဲ့ပျက်ကွက်၍ အလုပ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီမှ ၉-၁၁-၂၀၁၇ ရက်နေ့မှစ၍ ၎င်းတို့ (၂)ဦးအား အလုပ်မှထုတ်ပယ်ခဲ့သော်လည်း အလုပ်ထုတ်ပယ်သည့်စာမှာ စက်သုံးဆီဆိုင်သို့ ရောက်ရှိမလာကြောင်း၊ ဦးထက်ပိုင်သည် ၉-၅-၂၀၁၇ ရက်နေ့ နှင့် ၃၀-၉-၂၀၁၇ ရက်နေ့များတွင် ခွင့်မဲ့ပျက်ကွက်ခဲ့၍ သတိပေးခဲ့ကြောင်း၊ ၇-၄-၂၀၁၇ ရက်နေ့တွင်လည်း အရက်သေစာသောက်စား၍ သတိပေးခဲ့ရကြောင်း၊ ဦးရဲကျော်မိုးသည် ၁၃-၆-၂၀၁၇ ရက်နေ့၊ ၃၀-၉-၂၀၁၇ ရက်နေ့နှင့် ၁-၁၁-၂၀၁၇ ရက်နေ့များတွင် ခွင့်မဲ့ပျက်ကွက်ခဲ့သဖြင့် သတိပေးဝန်ခံလက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် (EC) ချုပ်ဆိုထားခြင်းမရှိပါကြောင်း၊ ပထမအကြိမ် ယင်းအလုပ်သမား (၂)ဦးနှင့် အငြင်းပွားမှုဖြစ်ပွားစဉ်က နှစ်ဦးနှစ်ဖက်ညှိနှိုင်းကြရာ (၁) လုပ်သက် အလိုက်ရရှိမည့်လစာ ၂၂၅၀၀၀ိ/- ရမည့်နေရာ၌ ၂၀၀၀၀၀ိ/-ဖြင့် ပြန်လည်လုပ်ကိုင်ရန်၊ (၂) နောင်တစ်ချိန်တွင် မိမိစတင်တာဝန်ထမ်းဆောင်သည့် လုပ်သက်အလိုက် အလုပ်ရှင်က လစာပေး ရန်၊ (၃) အခြားအလုပ်သမားများနှင့် တန်းတူအခွင့်အရေးရရှိရန်ဟု နှစ်ဖက်သဘောတူညီချက် (၃) ချက်ကို ၇-၂-၂၀၁၈ ရက်နေ့တွင် ပြေငြိမ်းမှုရရှိခဲ့၍ ခုံသမာဓိအဖွဲ့မှ အမှုအား မစစ်ဆေးမီ ပိတ်သိမ်းခဲ့ပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ အမှုတွဲအား ပြန်လည်လွှဲပြောင်းခဲ့ပြီး အဆိုပါသဘောတူညီချက်အရ အလုပ်သမား (၂)ဦးသည် ၈-၂-၂၀၁၈ ရက်နေ့တွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ဆိုင်ပြင်ဆင်နေ၍ ဆီပန့်ခေတ္တဖြုတ် ထားရသည့်အတွက်

၎င်းတို့(၂)ဦးအား မည်သည့်နေရာတွင် ပြန်လည်ခန့်ထားရမည်ကို ရုံးချုပ်သို့ တင်ပြပြီး၊ ရုံးချုပ်၏ ညွှန်ကြားချက်ကို စောင့်ဆိုင်းနေ၍ ၎င်းတို့ (၂)ဦးအား ဝန်ထမ်းနားနေခန်း၌ ခေတ္တထိုင်နိုင်းထားရခြင်းဖြစ်ကြောင်း၊ ၉-၂-၂၀၁၈ ရက်နေ့တွင် အလုပ်သမား(၂)ဦးမှ အလုပ်ခွင်သို့လာရောက်ခြင်းမရှိဘဲ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သွားရောက်ကာ ယခင်အမှုကို ပြန်လည်တိုင်တန်းခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အလုပ်သမား (၂)ဦးအား အလုပ်ပြန်လည်ခန့်ထားပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အလုပ်သမားများအား နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့သဖြင့် ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ ဆက်လက်တက်ရောက်ရခြင်းဖြစ်ကြောင်း၊ အလုပ်ထုတ်နစ်နာကြေးမပေးနိုင်ကြောင်းနှင့် အလုပ်သမားများအား အလုပ်ပြန်လည်ခန့်ထားမည်ဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။

၇။ အလုပ်သမားများဘက်မှ ထွက်ဆိုချက်များမှာ မိမိတို့အနေဖြင့် (၁၁/၂၀၁၇) လကုန်တွင် အလုပ်မှထုတ်ပယ်ခံရပြီး ယခုအချိန်အထိ အလုပ်လက်မဲ့ဖြစ်နေရကြောင်း၊ အလုပ်ပြန်လည်ဝင်ရောက်ပါက လုပ်ငန်းရှင်မှ မူလတာဝန်မပေးဘဲ နားနေခန်းတွင် ထိုင်ခိုင်းမည်ဟု (၄) ကြိမ်ခန့် တာဝန်ခံဦးလှမျိုးအောင်မှ ပြောခဲ့ကြောင်း၊ ပထမအကြိမ် အငြင်းပွားမှုဖြစ်စဉ်က မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ပြေငြိမ်းစာပေးပို့ပြီး ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုရမည်ကို မသိရှိခဲ့ကြောင်း၊ ခွင့်မဲ့ပျက်ကွက်ခဲ့သည်မှာလည်း ဆက်တိုက်ပျက်ကွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ အလုပ်ပြန်လည်ဝင်ရောက် လုပ်ကိုင်မည်ဆိုပါက ရေရှည်ဆက်ဆံရေး အဆင်ပြေနိုင်တော့မည်မဟုတ်၍ အလုပ်ပြန်လည် လုပ်ကိုင်လိုခြင်းမရှိတော့ကြောင်း၊ နို့တစ်ကြေးနှင့် နစ်နာကြေးကိုသာ ရရှိလိုပါကြောင်း၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၈။ ပထမအကြိမ် အငြင်းပွားမှုတွင် ခုံသမာဓိအဖွဲ့သို့ အလုပ်ရှင်၊ အလုပ်သမားများမှ နှစ်ဖက်သဘောတူညီချက်များရရှိခဲ့သဖြင့် ပြေငြိမ်းကြောင်းစာပေးပို့ခဲ့သော်လည်း၊ ယင်းသဘောတူညီချက်များကို ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်းမရှိခဲ့ဘဲ၊ ၎င်းတို့၏ သဘောတူညီချက်များကို စာရွက်ပေါ်တွင်သာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ပြေငြိမ်းသည်ဟုဆိုကာ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ ပေးပို့ခဲ့သည့်အတွက် အမှုသည် ယာယီသာပိတ်သိမ်းသည့်သဘောသာ သက်ရောက်သည်ဟု ခုံအဖွဲ့မှ သုံးသပ်ပါသည်။

၉။ အလုပ်ရှင် Denko Trading Co.,Ltd. အနေဖြင့် မိမိလုပ်ငန်းခွင်အတွင်း အလုပ်သမားများလိုက်နာရန် လုပ်ငန်းခွင်စည်းကမ်းများ ချမှတ်ထားသည်ဟုဆိုသော်လည်း အထောက်အထားတင်ပြနိုင်မှုမရှိခြင်း၊ လုပ်ငန်းစတင်ဆောင်ရွက်နေသည်မှာ (၈)နှစ်ခန့်ရှိသော်လည်း အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (EC) စာချုပ်အား ယနေ့အထိ ချုပ်ဆိုထားခြင်းမရှိသေးဘဲ ဆောင်ရွက်နေဆဲသာရှိသေးသဖြင့် အမြန်ဆုံး အပြီးသတ်ချုပ်ဆိုဆောင်ရွက်ရန် ခုံအဖွဲ့မှ အကြံပြုတိုက်တွန်းအပ်ပါသည်။

၁၀။ အလုပ်ရှင်မှ အလုပ်သမားများအား အလုပ်ပြန်လည်ခန့်ထားလိုသော်လည်း အလုပ်သမားမှ ၎င်း၏ ဂုဏ်သိက္ခာအရလည်းကောင်း၊ လုပ်ငန်းခွင်ဆက်ဆံရေးပြေလည်နိုင်မှုမရှိဟု ယူဆသဖြင့်လည်းကောင်း၊ အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုခြင်းမရှိဘဲ အလုပ်ထုတ်နစ်နာကြေးကိုသာ ခံစားရရှိလိုကြောင်းကိုသာ တင်ပြလာ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ခွင့်မဲ့ပျက်ကွက်မှုခေါင်းစဉ်တပ်၍ အလုပ်ရပ်စဲမှုမပြုသင့်ကြောင်းနှင့် ၎င်းတို့အား အလုပ်ထုတ်ပယ်ရန် (၁) လကြိုတင်အကြောင်းကြားခြင်းမရှိခဲ့သဖြင့် နို့တစ်ကြေးနှင့် လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်ကြောင်း အလုပ်ထုတ်ခံရသည့် အလုပ်သမားများအတွက် နစ်နာကြေးများကို ခံစားနိုင်စေရန် သုံးသပ်ချက်များသည် ကြောင်းကျိုးဆီလျော်မှုရှိပါသဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င)ပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံးလျက် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၆-၃-၂၀၁၈ ရက်နေ့တွင် ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ် (၃၅/၂၀၁၈) ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးညွန့်စိန် | ဒေါက်တာသန်းဝင်း | ဦးရဲကျော်သူ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |